# အာရက္ခရေးရာအထူးလေ့လာချက်

## ဆုပ်လည်းစူး၊ စားလည်းရူး-
## ဘင်္ဂလားဒေ့ရှ်ရောက် ရိုဟင်ဂျာဒုက္ခသည်များ
## ဘာကြောင့် ပင်လယ်ခရီးကြမ်းနှင်ကြသလဲ

အမှတ်စဉ် (၅/၂၀၂၆)
လူသားချင်းစာနာမှုရေးရာကဏ္ဍ



၂၀၂၄ ခုနှစ် အောက်တိုဘာလက အင်ဒိုနီးရှားနိုင်ငံ၊ အချက်ပြီးပြည်နယ် ကမ်းရိုးတန်းအနီးတွင်
ကျောက်ချရပ်နားထားသော လှေပေါ်မှ ရိုဟင်ဂျာ ဒုက္ခသည်များ ကယ်ဆယ်ရေးအတွက် စောင့်ဆိုင်းနေပုံ
(Photo:Chaideer Mahyuddin/AFP)

ဇွန် ၁၅ ၊ ၂၀၂၆ ခုနှစ်

## ၁။နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | ရိုဟင်ဂျာများ ဒုက္ခသည် စခန်းမှ အခြားနိုင်ငံသို့ ထွက်ပြေးရသည့် အကြောင်းအရင်းနှင့် အခြေအနေ |
| **(ခ) နယ်မြေဒေသ** | ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည်စခန်းများ |
| **(ဂ) အချိန်ကာလ** | ၂၀၂၄ ခုနှစ် မတ်လ မှ ၂၀၂၆ ခုနှစ် ဧပြီလ အထိ |

၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်က နယ်မြေရှင်းလင်းရေး (clearance operation) ခေါင်းစဉ်အောက်တွင် လူမျိုးတုန်းသတ်ဖြတ်မှုထိ ကျူးလွန်ခဲ့နိုင်သည်ဟူသော အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည် မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောမြို့နယ်များမှ သိန်းချီသော ရိုဟင်ဂျာများသည် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ အဆိုပါ ဒုက္ခသည်များသည် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုံခြုံဘေးကင်းရေးတို့အတွက် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရကိုသာ အဓိက မှီခိုအားထား နေကြရသည်။ ရရှိသည့် ထောက်ပံ့ကူညီမှုများမှာ အခြေခံလိုအပ်ချက် ဖြည့်ဆည်းရုံမျှသာ ရှိသော်လည်း ဒုက္ခသည်များအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း တရားဝင်အလုပ်လုပ်ကိုင်ခွင့် ကန့်သတ်ခံထားရသည့်အပြင်၊ နေထိုင်ရန် အဆောက်အအုံများနှင့် စာသင်ကျောင်းများ ဆောက်လုပ်ခွင့်ကိုပင် ပိတ်ပင်တားဆီးခံထားရသည်။

တစ်ဖက်တွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများသည် ရန်ပုံငွေမလုံလောက်သည့် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသဖြင့် ဒုက္ခသည်စခန်းများရှိ သန်းဂဏန်းမျှရှိသော ရိုဟင်ဂျာများအတွက် စားဝတ်နေရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများကို လျှော့ချလိုက်ရသည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရိုဟင်ဂျာဒုက္ခသည်များ နယ်စပ်ဖြတ်ကျော်၍ ထပ်မံဝင်ရောက် မလာစေရန် တားဆီးပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

သို့သော် စစ်ကောင်စီတပ်နှင့် အာရက္ခတပ်တော်တို့ကြား ဖြစ်ပွားနေသည့် တကျော့ပြန်တိုက်ပွဲများကြောင့် ၂၀၂၄ အလယ်ပိုင်းလောက်မှစ၍ လူအမြောက်အများမှာ နယ်စပ်ဖြတ်ကျော်ကာ ထပ်မံဝင်ရောက်လာခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာနိုင်ငံမှ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ရိုဟင်ဂျာများကို "ဒုက္ခသည်များ" ဟု တရားဝင်သတ်မှတ်ခြင်းမပြုဘဲ "အတင်းအဓမ္မ နေရပ်စွန့်ခွာခိုင်းရသည့် မြန်မာနိုင်ငံသားများ" (Forcibly Displaced Myanmar Nationals) ဟုသာ သတ်မှတ်ခေါ်ဆိုထားသည်။

သို့သော်လည်း ထိုနိုင်ငံတွင် ယခင်ထက်ပိုမိုကျပ်တည်းသော ဘဝအခြေအနေများနှင့် ဆက်လက်ကြုံတွေ့နေရသောကြောင့် ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်မှတစ်ဆင့် တတိယနိုင်ငံများသို့ ထပ်မံထွက်ပြေးရန် နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ကြိုးပမ်းလာကြသည်။

ယခုလေ့လာချက်သည် ဒေသတွင်းမီဒီယာများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဖော်ပြချက်များ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များ၊ သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်များနှင့် မိမိတို့ အာရက္ခလေ့လာရေးစင်တာ Center for Arakan Studies (CAS) မှ ပြုလုပ်ခဲ့သော မေးမြန်းချက်များကို အဓိကအခြေခံ၍ ရေးသား ပြုစုထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

မတ်လ (၅) ရက်၊ ၂၀၂၄ ခုနှစ်

**(က) ထွက်ပြေးသည့် ရိုဟင်ဂျာများထံမှ လူမှောင်ခိုသမားများက စတာလင်ပေါင် ၃,၀၀၀ အထိ ငွေညှစ်တောင်းခံနေ**

လူမှောင်ခိုကွန်ရက်များ ပိုမိုကျယ်ပြန့်လာခြင်းနှင့်အတူ ရိုဟင်ဂျာဒုက္ခသည်များသည် အန္တရာယ်ကြီးမားလှသည့် ပင်လယ်ရေကြောင်းခရီးစဉ်များအတွင်း သေဆုံးမှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် အနိုင်ကျင့်စော်ကားမှုများကို အကြီးအကျယ် ရင်ဆိုင်နေကြရသည်။ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများအတွင်းရှိ အခြေအနေများသည် တစ်နေ့တခြား ပိုမိုဆိုးရွားလာနေခြင်းကြောင့် ၎င်းတို့သည် လွတ်လပ်ခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေရန် အရှေ့တောင်အာရှသို့ ထွက်ပြေးတိမ်းရှောင်နိုင်ရေးအတွက် ရှိသမျှအရာအားလုံးကို ရင်းနှီးစွန့်စားနေကြရသည်။ သို့ရာတွင် ခရီးစဉ်စတင်သည်နှင့်တစ်ပြိုင်နက် လူမှောင်ခိုသမားများသည် ဒုက္ခသည်တစ်ဦးလျှင် စတာလင်ပေါင် ၃,၀၀၀ ခန့်အထိ ငွေညှစ်တောင်းခံလျက်ရှိသည်။

အောက်တိုဘာလ (၁၉) ရက်၊ ၂၀၂၄ ခုနှစ်

**(ခ) ထွက်ပြေးလာသည့် ရိုဟင်ဂျာဒုက္ခသည်အချို့ သေဆုံးလျက် တွေ့ရှိရ**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က ထိုင်းနိုင်ငံတောင်ပိုင်း ဝေးလံခေါင်းပါးသော ဒေသတစ်ခုရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းအနီးတွင် မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသည့် ရိုဟင်ဂျာဒုက္ခသည်တစ်စုကို သံဃာတော်များက တွေ့ရှိခဲ့သဖြင့် ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့သည်။ ၎င်းတို့အနက် အနည်းဆုံး ၁၀ ဦးမှာ သတိလစ်မေ့မြောနေပြီး အများစုမှာ အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေနှင့် ရင်ဆိုင်နေရကာ နှစ်ဦးမှာမူ သေဆုံးနေခဲ့သည်။ အသက်ရှင် ကျန်ရစ်သူများကို အရေးပေါ်ဆေးဝါးကုသမှု ပေးနိုင်ရန်အတွက် အနီးရှိဆေးရုံများသို့ ချက်ချင်း ပို့ဆောင်ပေးခဲ့ရသည်။

အောက်တိုဘာလ (၂၄) ရက်၊ ၂၀၂၄ ခုနှစ်

**(ဂ) ရိုဟင်ဂျာများသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရ**

မြန်မာစစ်တပ်၏ ၂၀၁၇ ခုနှစ် စစ်ဆင်ရေးနောက်ပိုင်း ရိုဟင်ဂျာလူထုအပေါ် အပြင်းထန်ဆုံး အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသစ်ထပ်မံရောက်ရှိလာသော ရိုဟင်ဂျာဒုက္ခသည်များသည် စားနပ်ရိက္ခာ၊ နေစရာအမိုးအကာနှင့် ဆေးဝါးကုသမှုများ အရေးပေါ် လိုအပ်လျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က ပြောကြားခဲ့သည်။

အထူးသဖြင့် အသစ်ရောက်ရှိလာသူများသည် မရှိမဖြစ်လိုအပ်သော အကူအညီအထောက်အပံ့များ ရရှိနိုင်ရေးအတွက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တွင် မှတ်ပုံတင်ခွင့်မရရှိကြသည့်အပေါ် စိုးရိမ်ပူပန်နေကြသည်။ ထိုသို့ မှတ်ပုံမတင်နိုင်သည့် အကျိုးဆက်ကြောင့် လူအများအပြားမှာ ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရပြီး ဆေးဝါးကုသမှု ခံယူရန် မဖြစ်မနေလိုအပ်နေချိန်တွင်ပင် ပြည်နှင်ဒဏ်ပေးခံရမည်ကို စိုးရိမ်သဖြင့် အပြင်သို့ မထွက်ရဲဘဲ ဖြစ်နေကြရသည်။

ဧပြီလ (၄) ရက်၊ ၂၀၂၅ ခုနှစ်

**(ဃ) ရိုဟင်ဂျာ ၁၈၀,၀၀၀ ပြန်လည်လက်ခံရန် မြန်မာဘက်က အတည်ပြုကြောင်း ဘင်္ဂလားဒေ့ရှ် ပြော**

မြန်မာနိုင်ငံဘက်က ရိုဟင်ဂျာဒုက္ခသည် ၁၈၀,၀၀၀ ဦးကို ပြန်လည်လက်ခံရန် အရည်အချင်း ပြည့်မီကြောင်း အတည်ပြုခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ရိုဟင်ဂျာဒုက္ခသည်တစ်ဦးဖြစ်သူ ရှာဖီကုရ် ရာမန်က ရိုက်တာသတင်းဌာနသို့ ပြောကြားရာတွင် "ဒီလောက်နှစ်တွေအများကြီး ကြာသွားပြီးမှ သူတို့က လူဦးရေ ၁၈၀,၀၀၀ ပဲ အတည်ပြုပေးတာပါ။ ဒါဟာ မျက်လှည့်ပြသက်သက်ထက် ဘာမှမပိုဘူးလို့ ခံစားရတယ်။ ကျွန်တော်တို့က စစ်မှန်တဲ့ ဖြေရှင်းချက်ကိုပဲ လိုချင်တာပါ" ဟု ဆိုသည်။ ၎င်းက ဆက်လက်၍ "မြန်မာဘက်က ကျွန်တော်တို့ထဲက လူတချို့ကိုပဲ ရွေးချယ်လက်ခံတာမျိုး မဟုတ်ဘဲ အားလုံးကို ခြွင်းချက်မရှိ ပြန်လည်လက်ခံရမှာဖြစ်သလို၊ မိမိတို့ရဲ့ နိုင်ငံသားအခွင့်အရေး အပါအဝင် ရသင့်ရထိုက်တဲ့ အခွင့်အရေးအားလုံးကိုလည်း အသိအမှတ်ပြုရပါမယ်။ ဒါတွေမရှိဘဲနဲ့တော့ ဒီလုပ်ငန်းစဉ်ဟာ ကျွန်တော်တို့အတွက် ဘာမှအဓိပ္ပာယ်မရှိပါဘူး" ဟု ပြောကြားခဲ့သည်။

မေလ (၂၄) ရက်၊ ၂၀၂၅ ခုနှစ်

**(င) ရိုဟင်ဂျာ ၄၂၇ ဦး ပင်လယ်ပြင်၌ သေဆုံးပျောက်ကွယ်သွားပြီဟု ကုလသမဂ္ဂ စိုးရိမ်ပူပန်**

ယခုလအစောပိုင်းက မြန်မာနိုင်ငံကမ်းလွန်တွင် ဖြစ်ပွားခဲ့သည့် လှေမှောက်မှု ဖြစ်စဉ်နှစ်ခုကြောင့် ရိုဟင်ဂျာဒုက္ခသည် ၄၂၇ ဦး ပင်လယ်ပြင်၌ သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားခဲ့ပြီဟု ယူဆရကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က သောကြာနေ့တွင် စိုးရိမ်တကြီး ထုတ်ပြန်ပြောကြားခဲ့သည်။ ပင်လယ်ရေကြောင်းခရီးဖြင့် စွန့်စားထွက်ပြေးသူ ၅ ဦးတွင် ၁ ဦးနှုန်းမှာ သေဆုံး သို့မဟုတ် ပျောက်ဆုံးနေကြောင်း သိရသည်။ ဤသို့ စိုးရိမ်ဖွယ်ရာ အခြေအနေများကြောင့် ကပ္ပလီပင်လယ် (Andaman Sea) နှင့် ဘင်္ဂလားပင်လယ်အော်တို့သည် ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံး ပင်လယ်ရေကြောင်း လမ်းကြောင်းများ ဖြစ်လာခဲ့သည်။

ဇွန်လ (၂၀) ရက်၊ ၂၀၂၅ ခုနှစ်

**(စ) ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းအတွင်း မတည်မငြိမ်မှုများကြောင့် ရိုဟင်ဂျာများ အလုံးအရင်းဖြင့် ထပ်မံထွက်ပြေးရမည့် အခြေအနေ ဆိုက်ရောက်နိုင်**

လွန်ခဲ့သည့် နှစ်များအတွင်း ရိုဟင်ဂျာအချို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှတစ်ဆင့် မလေးရှား သို့မဟုတ် အခြားသောနိုင်ငံများသို့ ထွက်ပြေးသွားနိုင်ခဲ့ကြသည်။ ထိုသို့ ထွက်ခွာသူများထဲတွင် လက်နက်ကိုင်အဖွဲ့များအတွင်းသို့ မတရားစုဆောင်းခံရမည့် အန္တရာယ်မှ ထွက်ပြေးတိမ်းရှောင်ကြသည့် လူငယ်အမျိုးသားများနှင့် ပြည်ပရောက် ရိုဟင်ဂျာအမျိုးသားများနှင့် အိမ်ထောင်ပြုရန် စေလွှတ်ခြင်းခံရသည့် မိန်းကလေးငယ်များ ပါဝင်သည်။

ဩဂုတ်လ (၁၉) ရက်၊ ၂၀၂၅ ခုနှစ်

**(ဆ) ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာမိသားစုများ၏ ၉၅ ရာခိုင်နှုန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် မှီခိုနေရ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နေထိုင်လျက်ရှိသော ရိုဟင်ဂျာလူမျိုးများ၏ ၉၅ ရာခိုင်နှုန်းကျော်သည် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး အပါအဝင် အခြေခံလိုအပ်ချက်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ်သာ မှီခိုအားထားနေကြရသည်။ ဇွန်လ ၄ ရက်နေ့အထိ စာရင်းဇယားများအရ ကုလသမဂ္ဂ၏ ၂၀၂၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်ရေးအစီအစဉ်တွင် ရန်ပုံငွေထောက်ပံ့မှု ၂၂ ရာခိုင်နှုန်းအောက်သာ ရရှိထားသေးသည်။ ရန်ပုံငွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရန်ပုံငွေများ ထပ်မံမရရှိပါက ကော့ဇ်ဘဇား (Cox's Bazar) ဒုက္ခသည်စခန်းများရှိ အခြေခံအကျဆုံး လိုအပ်ချက်များကိုပင် ဖြည့်ဆည်းပေးနိုင်တော့

မည်မဟုတ်ကြောင်း ကုလသမဂ္ဂက သတိပေးပြောကြား ထားသည်။ ယင်းသို့ ရန်ပုံငွေပြတ်လပ်မှုများကြောင့် ဒုက္ခသည်စခန်းများအတွင်းရှိ ရိုဟင်ဂျာ စာသင်ကျောင်း အများစုကို ပိတ်ထားရခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ဆိုင်းငံ့ထားရခြင်းနှင့် စားနပ်ရိက္ခာခွဲတမ်း ဖြန့်ဝေမှုလုပ်ငန်းများကို ရပ်ဆိုင်းထားရခြင်းတို့ ကြုံတွေ့ရနိုင်မည်ဖြစ်သည်။

စက်တင်ဘာလ (၁၁) ရက်၊ ၂၀၂၅ ခုနှစ်

**(ဇ) ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်က လူကုန်ကူးသမား ၁၂ ဦးကို ဖမ်းဆီးပြီး မလေးရှားသို့ သွားမည့်သူ ၁၁၁ ဦးကို ကယ်ဆယ်**

တက်ကနက် အခြေစိုက် BGB-2 တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး Ashiqur Rahman က "ဖမ်းဆီးခံရသူတွေဟာ လူကုန်ကူးဂိုဏ်းရဲ့ တက်ကြွတဲ့ အဖွဲ့ဝင်တွေပါ။ စုံစမ်းစစ်ဆေးမှုတွေအရ သူတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင် ခဲ့တာပါ။ သူတို့ကိုဘင်္ဂလားဒေ့ရှ်ကနေ မြန်မာနိုင်ငံကို ပို့ဆောင်ပြီး၊ မြန်မာကနေ ပင်လယ်ရေကြောင်းနဲ့ မလေးရှားကို တရားမဝင် လူကုန်ကူးမှုတွေမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတယ်" ဟု ပြောသည်။

စက်တင်ဘာလ (၂၄) ရက်၊ ၂၀၂၅ ခုနှစ်

**(ဈ) နယ်စပ်ဒေသ မငြိမ်မသက်ဖြစ်မှုကြောင့် ရခိုင်-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ရပ်တန့်သွား**

မကြာသေးမီရက်များအတွင်း ဘင်္ဂလားဒေ့ရှ်နှင့် အာရက္ခတပ်တော် (AA) အကြား တင်းမာနေသော ဆက်ဆံရေးကြောင့် ရခိုင်-ဘင်္ဂလားဒေ့ရှ် နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ လုံးဝရပ်ဆိုင်းသွားခဲ့သည်။

ရခိုင်ရေပိုင်နက်အတွင်း ဘင်္ဂလားဒေ့ရှ် ငါးဖမ်းလှေများက အာရက္ခတပ်တော်၏ ကမ်းခြေစောင့် အရာရှိတစ်ဦးကို သတ်ဖြတ်မှု၊ နှစ်ဖက်စလုံးက မူးယစ်ဆေးဝါး လူကုန်ကူးမှုစွပ်စွဲချက်များနှင့် နယ်စပ်ဒေသအတွင်း အာရကန် ရိုဟင်ဂျာ ကယ်ဆယ်ရေးတပ်မတော် (ARSA)နှင့် ထိပ်တိုက်တွေ့မှုများက ကုန်သွယ်ရေးဆက်ဆံမှုများ ရပ်ဆိုင်းရခြင်းကို ဖြစ်ပေါ်စေသည်ဟု ဒေသခံ ကုန်သည်များက ပြောကြားသည်။

နိုဝင်ဘာလ (၅) ရက်၊ ၂၀၂၅ ခုနှစ်

**(ည) မလေးရှားသို့ လူကုန်ကူးခံရသူ ၂၅ ဦးကို နယ်စပ်တွင် ဘင်္ဂလားဒေ့ရှ် ပူးပေါင်းတပ်ဖွဲ့ ကယ်တင်**

ရေလမ်းကြောင်းမှ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ထားသည့် ကလေးငယ်များ အပါအဝင် လူ

၂၅-ဦးကို လူမှောင်ခိုသမား ၂ ဦးနှင့် အတူ မြန်မာနယ်စပ်အနီးရှိ တက်ကနက်မြို့နယ်တွင် ဘင်္ဂလားဒေ့ရှ် ကမ်းခြေစောင့်တပ်နှင့် ရေတပ် တို့ ပူးပေါင်းပြုလုပ်သည့် စစ်ဆင်ရေးအတွင်း ဖမ်းဆီးမိခဲ့သည်။

လူကုန်ကူးသူများသည် ၎င်းတို့ကို ချုပ်နှောင်ထားပြီး ၎င်းတို့၏မိသားစုများထံမှ ငွေညှစ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကိုပြုလုပ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။

နိုဝင်ဘာလ (၁၀) ရက်၊ ၂၀၂၅ ခုနှစ်

**(၄) လေ့မှောက်မှု ဖြစ်ရပ်ဆိုးက ရိုဟင်ဂျာများ၏ ပိုမိုဆိုးရွားလာသော ဒုက္ခများကို မီးမောင်းထိုးပြနေ**

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ၏ မြန်မာနိုင်ငံဆိုင်ရာ သုတေသီ ဂျိုး ဖရီးမန်း (Joe Freeman) က "မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရိုဟင်ဂျာ အရပ်သားတွေဟာ စားနပ်ရိက္ခာပြတ်လပ်မှု၊ အစမ့်လုပ်အားပေးခိုင်းစေမှု၊ မတရားဖမ်းဆီးထိန်းသိမ်းခံရမှုနဲ့ သွားလာလှုပ်ရှားမှု ကန့်သတ်ချက်တွေကို ရင်ဆိုင်နေကြရပါတယ်။ ဒါ့အပြင် မြန်မာစစ်ကောင်စီနဲ့ အာရက္ခတပ်တော် (AA) တို့အကြား ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခကြားမှာ ပိတ်မိနေပြီး အဆိုပါပဋိပက္ခတွေကြောင့် ရိုဟင်ဂျာ အများအပြားဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းတွေကို ပိုမိုထွက်ပြေးတိမ်းရှောင်နေကြရပါတယ်" ဟု ပြောကြားခဲ့သည်။

တချိန်တည်းမှာပင် အမေရိကန်ပြည်ထောင်စု၏ ရန်ပုံငွေဖြတ်တောက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများအတွင်း နေထိုင်စရာ အမိုးအကာ၊ ပညာရေးဝန်ဆောင်မှုများနှင့် အကူအညီထောက်ပံ့မှုများ ပြတ်လပ်မှုကို ဖြစ်ပေါ်စေခဲ့ရာ ၎င်းသည် ဒုက္ခသည်လူထုအပေါ် ပိုမိုဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ပင်လယ်ရေကြောင်းခရီးဖြင့် အသက်စွန့်ပြီး လှေစီးထွက်ပြေးရန် ပိုမိုတွန်းအားပေးသကဲ့သို့ ဖြစ်နေသည်။

ဧပြီလ (၁) ရက်၊ ၂၀၂၆ ခုနှစ်

**(၅) ဒုက္ခသည်များ နေရပ်ပြန်ပို့ရေး ကြန့်ကြာနေမှုများကြားမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စိစစ်အတည်ပြုနိုင်ရန် အတွက် ဒုက္ခသည်ဆိုင်ရာအချက်အလက်များကို မြန်မာနိုင်ငံထံ ပေးအပ်**

နေရပ်ပြန်ပို့ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ဖို့ မှတ်စလင်ဒုက္ခသည် ၈ သိန်းကျော်၏ အချက်အလက်များကို စိစစ်အတည်ပြုနိုင်ရန် မြန်မာစစ်ကောင်စီထံ ပေးပို့ထားကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ခါလီလု ရာမန် (Dr Khalilur Rahman) က မတ်လ ၃၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဇ်ဘဇား (Cox's Bazar) ရှိ ဒုက္ခသည်စခန်းများနှင့် ဘာဆန်ချာ (Bhasan Char) ကျွန်းတို့တွင် ခိုလှုံနေကြရသည့် မှတ်စလင်ဒုက္ခသည်ဦးရေ ၁.၄ သန်းခန့် ရှိနေသည်။ ဒုက္ခသည်စခန်းများအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများမှာ ပိုမိုဆိုးရွားလာနေပြီး ရာဇဝတ်မှု ဖြစ်ပွားနှုန်းမှာလည်း သိသိသာသာမြင့်တက်လျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က တစ်ဦးလျှင် တစ်လ၊ အမေရိကန်ဒေါ်လာ ၁၂ ဒေါ်လာနှုန်းဖြင့် စားနပ်ရိက္ခာအကူအညီ ပေးအပ်နေသော်လည်း ယခုလမှစတင်၍ အဆိုပါအကူအညီများကို လျှော့ချသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

ဧပြီလ (၂၁) ရက်၊ ၂၀၂၆ ခုနှစ်

**(ဍ) စားနပ်ရိက္ခာရှားပါးမှုနှင့် မျှော်လင့်ချက်မဲ့သည့် အနာဂတ်များကြောင့် ရိုဟင်ဂျာဒုက္ခသည်များ ပင်လယ်ပြင်တွင် သေဘေးနှင့်ရင်းကာ စွန့်စားလာကြ**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ ပြောကြားချက်အရ ၂၀၂၅ ခုနှစ်အတွင်း ကပ္ပလီပင်လယ် (Andaman Sea) နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် ရိုဟင်ဂျာ ၉၀၀ နီးပါး ပျောက်ဆုံး သို့မဟုတ် သေဆုံးခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ ထို့ကြောင့် ယင်းနှစ်သည် ဒေသတွင်း ပင်လယ်ရေကြောင်းဖြတ်ကျော်မှုများအနက် သေဆုံးမှုအများဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့ပြီး၊ လှေစီးထွက်ပြေးရန် ကြိုးပမ်းသူဦးရေ ၆,၅၀၀ ကျော် ရှိခဲ့သည်။ ထို့ပြင် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလလယ်အထိ ကာလအတွင်း၌ပင် ရိုဟင်ဂျာ ၂,၈၀၀ ကျော်သည် ထိုကဲ့သို့ ထွက်ပြေးရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ "ရိုဟင်ဂျာမျိုးဟာ အလွန်ထိလွယ် ရှလွယ်ဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ ဘဝတစ်ခုကို မျှော်မှန်းထားကြတာပါ။ ဒါပေမဲ့ အဲဒီမျှော်လင့်ချက်ဟာ အခုဆိုရင် စိတ်ပျက်အားငယ်မှုတွေအဖြစ် ပြောင်းလဲလာနေပါတယ်" ဟု UNHCR အရှေ့ရှိ တစ်ဦးဖြစ်သူ အက်စထရစ် ကက်စတယ်လိန်း (Astrid Castelein) က ပြောကြားခဲ့သည်။

ဧပြီလ (၂၂) ရက်၊ ၂၀၂၆ ခုနှစ်

**(ဎ) ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ရပ်ဆိုး - ရိုဟင်ဂျာလူငယ်များ ဒုက္ခသည်စခန်းများမှ ထွက်ခွာရန် အဘယ်ကြောင့် အသက်စွန့်စားလာနေကြရသနည်း**

ရိုဟင်ဂျာလူထုသည် ဥပဒေကြောင်းအရ အသိအမှတ်ပြုခံရမှု မရှိသေးဘဲ ရေရှည်တည်တံ့သော ဖြေရှင်းချက်များလည်း ကင်းမဲ့နေသည့် ဒုက္ခသည်စခန်းများအတွင်း၌သာ အဓိကပိတ်မိနေကြရပြီး နှစ်ပေါင်းများစွာ အဝမ္ဗနေရပ်စွန့်ခွာရမှုဒဏ်ကို ခါးစီးခံခဲ့ကြရသည်။ အဆိုပါစခန်းများအတွင်းရှိ ဘဝများသည် ရုပ်ပိုင်းဆိုင်ရာအရ ကျပ်တည်းရုံမျှမကဘဲ စနစ်ပိုင်းဆိုင်ရာအရလည်း ကန့်သတ်ချုပ်ချယ်ခံထားရသည်။ တရားဝင် အလုပ်အကိုင်ရရှိရန် ခွင့်ပြုချက်မရှိခြင်း၊ အဆင့်မြင့်ပညာရေး သို့မဟုတ် သက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရေရှည်တည်တံ့သော လမ်းစများမရှိခြင်းနှင့် နေရပ်ပြန်ပို့ရေး သို့မဟုတ် လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့ရေး

တို့အတွက် ခိုင်မာစိတ်ချရသော မူဘောင်စနစ်များ လုံးဝမရှိခြင်းခြင်းတို့ကို ဒုက္ခသည်စခန်းများ အတွင်း ကျယ်ကျယ်ပြန့်ပြန့် ကြုံတွေ့နေရသည်။

ဧပြီလ (၂၄) ရက်၊ ၂၀၂၆ ခုနှစ်

**(ဏ) မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်တို့ ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းအဆိုးရွားဆုံး ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်နေ**

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်တို့သည် ကမ္ဘာ့စားနပ်ရိက္ခာအကျပ်အတည်းအဆိုးရွားဆုံး ထိပ်တန်း ၁၀ နိုင်ငံတွင် ပါဝင်နေကြောင်း သောကြာနေ့က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။

ဧပြီလ (၂၇) ရက်၊ ၂၀၂၆ ခုနှစ်

**(တ) အကူအညီပေးနေကြသော်လည်း ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင် လူကုန်ကူးမှုများ မြင့်တက်လာနေ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို နှစ်ပေါင်းများစွာ ပံ့ပိုးပေးနေသော်လည်း လူကုန်ကူးမှုများမှာ ဆက်လက်မြင့်တက်လာလျက်ရှိသည်။ ယင်းကမ္ဘာ့အထိခိုက်လွယ်ဆုံး ရွှေ့ပြောင်းအခြေစိုက် လူဦးရေအတွက် တရားဥပဒေစိုးမိုးရေး၊ ဥပဒေကြောင်းအရ အကာအကွယ်ရရှိနိုင်မှုနှင့် ကာကွယ်စောင့်ရှောက်ရေးစနစ်များတွင် လိုအပ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်ကြောင်းကို ဤဖြစ်ရပ်က ဖော်ပြနေသည်။

၎င်းတို့၏ နိုင်ငံမဲ့ဖြစ်နေသည့် အခြေအနေ၊ သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များနှင့် စီးပွားရေးအခွင့်အလမ်း နည်းပါးမှုတို့ကြောင့် လူကုန်ကူးသူများအနေဖြင့် အခွင့်ကောင်းယူနိုင်မည့် အခြေအနေများ ဖန်တီးပေးသကဲ့သို့ဖြစ်နေပြီး အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို ပစ်မှတ်ထားကြသည်။

၂၀၂၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ (Anti-Trafficking Working Group) ၏ အစီရင်ခံစာအရ လူကုန်ကူးခံရသူဦးရေသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၉ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း သိရသည်။ ထိုသို့ လူကုန်ကူးခံရသူများအနက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ၃၃ ရာခိုင်နှုန်းရှိပြီး လေးပုံတစ်ပုံမှာ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ ဖြစ်ကြသည်။

မေလ၊ ၂၀၂၆ ခုနှစ်

**(ထ) ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာ ဒုက္ခသည်များအား အလုပ်လုပ်ခွင့် ပြုသင့်သည်**

ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်များအား တရားဝင် အလုပ်လုပ်ခွင့်ပြုခြင်းသည် ၎င်းတို့၏ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ လူမှုကောင်းကျိုးကို မြှင့်တင်ရန် အဓိက ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ လူစုလူဝေးကြီးမားသော စခန်းများတွင် နေရပ်စွန့်ခွာ ထွက်ပြေးလာရသည့် ခိုလှုံထားရသော်လည်း၊ ဘင်္ဂလားဒေ့ရှ်သည် ၁၉၅၁ ခုနှစ် ဒုက္ခသည်ဆိုင်ရာကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသည့်အတွက် လက်ရှိတွင် ဒုက္ခသည်များ၏ အလုပ်အကိုင်ကို တားမြစ်ထားသည်။ လေ့လာမှုများအရ ဒုက္ခသည်များကြားတွင် စိတ်ကျရောဂါ၊ စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှုရောဂါ (PTSD) နှင့် သတ်သေလိုစိတ် မြင့်မားမှုနှုန်းများ ရှိနေပြီး၊ ၎င်းသည် အလုပ်လက်မဲ့ဖြစ်မှုနှင့် မလုံလောက်သော လူသားချင်းစာနာမှုအကူအညီအပေါ် မှီခိုအားထားရမှုတို့ကြောင့် ပိုမိုဆိုးရွားလာသည်။

အလုပ်အကိုင်သည် မိမိကိုယ်ကို အားကိုးမှုနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာများကို လျှော့ချပေးနိုင်ကြောင်း ပြသထားသည်။ လက်တွေ့ကျသော ခြေလှမ်းများအနေဖြင့် ဒုက္ခသည်များအား အိမ်တွင်း၌ လက်မှုပစ္စည်းများ ဖန်တီးထုတ်လုပ်ရန် လေ့ကျင့်ပေးခြင်း၊ လူမှုရေးသဟဇာတဖြစ်မှုကို မြှင့်တင်ရန်အတွက် ဒုက္ခသည်များနှင့် ဒေသခံများ နှစ်ဦးစလုံး အလုပ်လုပ်နိုင်သည့် ပူးတွဲအထည်ချုပ်စက်ရုံများ တည်ထောင်ခြင်းနှင့် ရပ်ရွာအခြေပြု စိတ်ကျန်းမာရေး လုပ်သားများ ဖော်ဆောင်ခြင်းတို့ကို အဆိုပြုထားသည်။

## ၃။ တွေ့ရှိချက်များ

၁။ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများ၏ အခြေအနေများ ပိုမိုဆိုးရွားလာခြင်းကြောင့် ရိုဟင်ဂျာများသည် အရှေ့တောင်အာရှနိုင်ငံများသို့ အသက်စွန့်ကာ ပင်လယ်ကူးထွက်ပြေးမှုများ ပြုလုပ်လာကြသည်။ ၂၀၂၅ ခုနှစ်တစ်နှစ်တည်းတွင် ရိုဟင်ဂျာ ၉၀၀ နီးပါး ပင်လယ်ပြင်၌ ပျောက်ဆုံးသို့မဟုတ် သေဆုံးခဲ့ရပြီး၊ ယင်းသည် မှတ်တမ်းများအရ ဒေသတွင်း အဆိုးရွားဆုံး သေဆုံးမှုနှုန်းဖြစ်သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလကပင် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဘုန်းကြီးကျောင်းအနီးတွင် သေဆုံးနေသော ရိုဟင်ဂျာ ၂ ဦးအပါအဝင် အခြေအနေဆိုးရွားစွာဖြင့် ဒုက္ခသည်အများအပြားကို တွေ့ရှိခဲ့ရသည်။ ထွက်ပြေးသူ ၅ ဦးတွင် ၁ ဦးနှုန်းမှာ သေဆုံး သို့မဟုတ် ပျောက်ဆုံးနေကြောင်း ကုလသမဂ္ဂ၏ စာရင်းများအရ သိရသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ ဧပြီလအတွင်း ထွက်ပြေးသူ ၂,၈၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ်အတွင်းတွင်လည်း သေဆုံးမှုများ ဆက်လက်ဖြစ်ပွားနိုင်သည့်အလားအလာရှိကြောင်း တွေ့ရသည်။

၂။ ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာ ၉၅ ရာခိုင်နှုန်းကျော်သည် စားနပ်ရိက္ခာ၊ ကျန်းမာရေးနှင့် ပညာရေးအတွက် လူသားချင်းစာနာမှုအကူအညီအပေါ် လုံးလုံးလျားလျား မှီခိုနေရသည်။ ၂၀၂၅ ခုနှစ် ဇွန်လ

အထိ ကုလသမဂ္ဂ၏ ရန်ပုံငွေ ၂၂ ရာခိုင်နှုန်းအောက်သာ ရရှိခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စု၏ ရန်ပုံငွေဖြတ်တောက်မှုများကြောင့် အခြေအနေပိုမိုဆိုးရွားလာသည်။ ရန်ပုံငွေပြတ်လပ်မှုကြောင့် ကော့ဇ်ဘဇား (Cox's Bazar) ရှိ စာသင်ကျောင်း အများစုကို ပိတ်ထားရခြင်း၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ ဆိုင်းငံ့ထားရခြင်းနှင့် စားနပ်ရိက္ခာခွဲတမ်းများ လျှော့ချရခြင်းတို့ ဖြစ်ပေါ်နေသည်။ ၂၀၂၆ ခုနှစ် ဧပြီလမှစတင်၍ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က တစ်ဦး လျှင် တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၂ ဒေါ်လာနှုန်းဖြင့် ပေးအပ်နေသော အကူအညီကို ထပ်မံ လျှော့ချသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

၃။ ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာ ဒုက္ခသည်စခန်းများတွင် လူကုန်ကူးမှုမှာ နှစ်စဉ် ပိုမိုမြင့်တက်လာ နေသည်။ ၂၀၂၅ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာအရ လူကုန်ကူးခံရ သူဦးရေသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၉ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း သိရသည်။ လူကုန်ကူးခံရသူများအနက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ၃၃ ရာခိုင်နှုန်းရှိပြီး လေး ပုံတစ်ပုံမှာ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များဖြစ်ကြသည်။ လူမှောင်ခိုသမားများသည် ဒုက္ခသည်တစ်ဦးလျှင် စတာလင်ပေါင် ၃,၀၀၀ အထိ ငွေညှစ်တောင်းခံပြီး၊ မိသားစုများထံမှ ငွေ ညှစ်ရန် လူများကို ချုပ်နှောင်ကာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်နေသည်။

၄။ ၂၀၂၅ ခုနှစ် ဧပြီလတွင် မြန်မာစစ်ကောင်စီဘက်က ဒုက္ခသည် ၁၈၀,၀၀၀ ကိုသာ ပြန်လည် လက်ခံရန် အရည်အချင်းပြည့်မီကြောင်း အတည်ပြုခဲ့သည်။ သို့သော် ရိုဟင်ဂျာများက နိုင်ငံသား အခွင့်အရေး၊ လုံခြုံရေးနှင့် မိမိဆန္ဒအလျောက် ပြန်လည်နေထိုင်ခွင့် အာမခံချက်များ မရရှိဘဲ ပြန်လည်နေထိုင်ရန် ဆန္ဒမရှိကြသေးပေ။ ၂၀၂၆ ခုနှစ် ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး ဝန်ကြီးက ဒုက္ခသည် ၈ သိန်းကျော်၏ အချက်အလက်များကို စိစစ်အတည်ပြုနိုင်ရန် မြန်မာစစ် ကောင်စီထံ ပေးအပ်လိုက်ကြောင်း ပြောကြားခဲ့သော်လည်း လုပ်ငန်းစဉ်မှာ ကြန့်ကြာနေဆဲ ဖြစ်သည်။

၅။ လေ့လာမှုများအရ ဘင်္ဂလားဒေ့ရှ်ရှိ ရိုဟင်ဂျာ ဒုက္ခသည်များကြားတွင် စိတ်ကျရောဂါ၊ စိတ် ဒဏ်ရာလွန် စိတ်ဖိစီးမှုရောဂါ (PTSD) နှင့် သတ်သေလိုစိတ် မြင့်မားမှုနှုန်းများ ရှိနေသည်။ အလုပ်လက်မဲ့ဖြစ်မှုနှင့် မလုံလောက်တော့သော လူသားချင်းစာနာမှုအကူအညီအပေါ် မှီခိုအားထား ရမှုတို့ကြောင့် ဤစိတ်ကျန်းမာရေးပြဿနာများမှာ ပိုမိုဆိုးရွားလာစေသည်။ အလုပ်အကိုင်ရှိခြင်း သည် မိမိကိုယ်ကို အားကိုးမှုနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ပေးခြင်းဖြင့် စိတ်ကျန်းမာရေးပြဿနာ များကို လျှော့ချပေးနိုင်ကြောင်း အဆိုပြုထားကြသည်။

## ၄။ သုံးသပ်ချက်

၂၀၁၇ ခုနှစ်မှ စတင်၍ မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သော စစ်ဆင်ရေးများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားကြရသည့် သိန်းချီသော ရိုဟင်ဂျာဒုက္ခသည်များသည် လာမည့် ဩဂုတ်လ ဆိုလျှင် ၉ နှစ် တင်းတင်းပြည့်ပြီဖြစ်သည်။ ယခင် ၁၉၇၈ ခုနှစ်၊ ၁၉၉၀ ခုနှစ်များတွင်

ထွက်ပြေးရသော အကြိမ်များနှင့်မတူဘဲ ယခုတစ်ကြိမ်တွင် လူဦးရေများပြားခြင်းနှင့် အချိန်ပိုမိုကြာခြင်းတို့ကို ရင်ဆိုင်နေရသည်။

ပို၍ အရေးကြီးသည်မှာ ယခုတစ်ကြိမ်တွင် ယခင်အကြိမ်များနှင့် မတူဘဲ နိုင်ငံတကာတရားရုံးများတွင် မြန်မာအစိုးရ နှင့် စစ်တပ်အကြီးအကဲများအား တရားစွဲခြင်းများဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဥပဒေ များမှတဆင့် တရားမျှတမှုနှင့် တာဝန်ခံမှုအတွက် ကြိုးပမ်းလာခြင်းဖြစ်သည်။ ထို့အပြင် မြေပြင်အခြေအနေတွင်လည်း မြန်မာစစ်တပ်ထက် လက်ရှိတွင် အာရက္ခတပ်တော်မှ နယ်မြေထိန်းချုပ်ထားခြင်းကြောင့် အခြေအနေပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် ယခုတစ်ကြိမ်တွင် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးသည် ယခင်အကြိမ်များထက် ပိုမိုရှုပ်ထွေးလာသည်ဟုဆိုရမည်။

နိုင်ငံတကာအတွေ့အကြုံအရ လူအစုလိုက်အပြုံလိုက် ထွက်ပြေးသွားရမှု ပြဿနာကို ဖြေရှင်းရာတွင် လမ်းကြောင်း အနည်းဆုံး (၃) ခု ရှိသည်။ ယင်းတို့မှာ ၁) နေရပ်ပြန်လာခြင်း (repatriation)၊ ၂) ဒေသတွင်းပေါင်းစည်းခြင်း (local integration) နှင့် ၃) တတိယနိုင်ငံသို့ အခြေချခြင်း (resettlement) တို့ဖြစ်သည်။ လက်ရှိတွင် အနောက်နိုင်ငံတကာအသိုင်းအဝိုင်း၊ ကုလသမဂ္ဂအဖွဲ့ နှင့် ဒုက္ခသည်များရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ပထမလမ်းကြောင်းကို အားသာချက်ထားရှိကြသော်လည်း ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် ရေခံမြေခံအခက်အခဲများကြောင့် ဒုတိယနှင့် တတိယလမ်းကြောင်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း ဆိုကြသူများလည်း ရှိသည်။ အထူးသဖြင့် လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများမှတဆင့် ဒုက္ခသည်များ၏ အကျပ်အတည်းကို လျှော့ကျစေခြင်း၊ လုပ်သားအင်အားအဖြစ် လက်ခံလိုသော တတိယနိုင်ငံများသို့ စွမ်းရည်ဖြည့် သွားရောက်စေခြင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက်လို အပ်သော လုံခြုံရေးလမ်းကြောင်းကိုပါ တပြိုင်တည်းကြိုးပမ်းသင့်ပါသည်။

ရခိုင်မြောက်ဖက်မြို့နယ်များကို ပြန်လာနိုင်ရေးအတွက်လည်း ဗဟိုအဆင့်အာဏာပိုင်မှုကို ထိန်းချုပ်ထားသည့် နေပြည်တော်အစိုးရနှင့် ဥပဒေကြောင်းဆိုင်ရာ အခွင့်အရေးများအတွက် အာမခံချက်ရယူသကဲ့သို့ မြေပြင်ကို ထိန်းချုပ်ထားသည့် အာရက္ခအစိုးရနှင့် ဒါကာအစိုးရကြားတွင် လက်တွေ့ကျသော အပေးအယူများ၊ အာမခံချက်များဖြင့်လည်း ပြဿနာအဖြေရှာသင့်ပေသည်။

## အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org